| | |
|---|---|
| ပါမောက္ခချုပ် | - ၉၆၉၉၈၅၁ |
| ဒုတိယပါမောက္ခချုပ်(စီမံ) | - ၉၆၉၂၁၅၁ |
| ဌာနမှူး(စီမံ/ဘဏ္ဍာ) | - ၉၆၉၂၁၅၂ |
| ဒု-ညွှန်ကြားရေးမှူး (သင်ထောက်ကူ) | - ၉၆၉၂၃၃၅ |
| ဌာနခွဲမှူး(စီမံ) | - ၉၆၉၉၈၅၄ |
| မော်ကွန်းထိန်း (သင်ကြား) | - ၉၆၉၉၈၅၂ |
| အိပ်ချိန်း | - ၉၆၉၀၁၂၇ |
| Fax - | - ၆၉၀၂၆၅ |


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ် (၂) ရန်ကုန်
## Department of Human Resources for Health
## University of Medicine (2), Yangon.

စာအမှတ်- ၆၀၀၀/၂၉-၀၈ / ဘွဲ့လွန်။
ရက်စွဲ။ ၂၂ - ၆ - ၂၀၂၃။

အကြောင်းအရာ။ **(၂၀၂၄) ပညာသင်နှစ်၊ ဘွဲ့လွန်ဆေးပညာသင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း။**

၁။ (၂၀၂၄)ပညာသင်နှစ်၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာများကို ကြေငြာခေါ်ယူထားပါသည်။

| | | |
|---|---|---|
| (၁) | ဆေးပညာပါရဂူဘွဲ့လွန်သင်တန်းများ | (ပူးတွဲ-၁) |
| (၂) | ဆေးပညာဒီပလိုမာနှင့်ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများ | (ပူးတွဲ-၂) |
| (၃) | ပြင်ပဆရာဝန်များအတွက်ဒီပလိုမာသင်တန်း | (ပူးတွဲ-၃) |

၂။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားသူများအနေဖြင့် လျှောက်လွှာတွင် ဖော်ပြရမည့် အချက်အလက်များနှင့် ပူးတွဲပေးပို့ရမည့် အထောက်အထားစာရွက်စာတမ်းများကို ပြည့်စုံမှန်ကန်စွာ တင်ပြလျှောက်ထားနိုင်ရန် ပူးတွဲပါ ကြေညာချက်များကို မိမိတို့လက်အောက်ရှိ ဌာနများအားလုံးသို့ အချိန်မီထပ်ဆင့် ဖြန့်ဝေပေးနိုင်ရေးအတွက် လိုအပ်သလိုဆောင်ရွက်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

၃။ အမှတ်စဉ် (၁)နှင့်(၂) သင်တန်းများသည် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသော လျှောက်လွှာများကို သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ဖြင့် ဆေးတက္ကသိုလ် (၂) ရန်ကုန်သို့(၄-၈-၂၀၂၃)ရက်နေ့ (သောကြာနေ့) နောက်ဆုံးထားပေးပို့ပေးပါရန် တပါတည်း အကြောင်းကြားအပ်ပါသည်။

21/6/23

ပါမောက္ခဒေါက်တာအေးအေးခင်
ပါမောက္ခချုပ်
ဆေးတက္ကသိုလ်(၂)ရန်ကုန်

ဖြန့်ဝေခြင်း-

၁။ ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော်။

၂။ ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန၊ နေပြည်တော်။

၃။ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်။

၄။ ညွှန်ကြားရေးမှူးချုပ်၊ ဆေးသုတေသနဦးစီးဌာန၊ ရန်ကုန်။

၅။ ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ နေပြည်တော်။

၆။ ညွှန်ကြားရေးမှူးချုပ်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ နေပြည်တော်။

၇။ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊

ကာကွယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။

၈။ ပါမောက္ခချုပ်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိတက္ကသိုလ်များအားလုံး။

၉။ ညွှန်ကြားရေးမှူးချုပ်၊ လူမှုဖူလုံရေးအဖွဲ့။

၁၀။ ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ နေပြည်တော်။

၁၁။ ဌာနမှူး၊ ကျန်းမာရေးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ။

၁၂။ ဌာနမှူး၊ ကျန်းမာရေးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**
**ဆေးတက္ကသိုလ်(၂)ရန်ကုန်**

ရက်စွဲ၊ ၂၀၂၃ခုနှစ်၊ ဇွန် လ၊( ၂၂ )ရက်

## ၂၀၂၄- ပညာသင်နှစ်
## ဆေးပညာပါရဂူဘွဲ့သင်တန်းများအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၄-ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၂)ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဆေးပညာပါရဂူဘွဲ့သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူနိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | | သင်တန်းကာလ |
|---|---|---|---|
| (၁) | ပါရဂူဘွဲ့ (ခန္ဓာဗေဒ) | Ph.D (Anatomy) | ၃ နှစ် |
| (၂) | ပါရဂူဘွဲ့ (ဇီဝကမ္မဗေဒ) | Ph.D (Physiology) | ၃ နှစ် |
| (၃) | ပါရဂူဘွဲ့ (ဇီဝဓါတုဗေဒ) | Ph.D (Biochemistry) | ၃ နှစ် |
| (၄) | ပါရဂူဘွဲ့ (ဆေးဝါးဗေဒ) | Ph.D (Pharmacology) | ၃ နှစ် |
| (၅) | ပါရဂူဘွဲ့ (အဏုဇီဝဗေဒ) | Ph.D (Medical Microbiology) | ၃ နှစ် |

**ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | | သင်တန်းကာလ |
|---|---|---|---|
| (၁) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အထွေထွေဆေးပညာ) | Dr.Med.Sc (General Medicine) | ၃ နှစ် |
| (၂) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အထွေထွေခွဲစိတ်ကုပညာ) | Dr.Med.Sc (General Surgery) | ၃ နှစ် |
| (၃) | ဆေးလက်တွေ့ပါရဂူဘွဲ့ (သားဖွားမီးယပ်ပညာ) | Dr.Med.Sc (Obstetrics and Gynaecology) | ၃ နှစ် |
| (၄) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးကျန်းမာပညာ) | Dr.Med.Sc (Paediatrics) | ၃ နှစ် |
| (၅) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အရိုးရောဂါပညာ) | Dr.Med.Sc (Orthopaedics) | ၃ နှစ် |
| (၆) | ဆေးလက်တွေ့ပါရဂူဘွဲ့ (နှလုံးရောဂါပညာ) | Dr.Med.Sc (Cardiology) | ၃ နှစ် |

| စဉ် | သင်တန်းအမည် | | သင်တန်းကာလ |
|---|---|---|---|
| (၇) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အဆုတ်နှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာဆေးပညာ) | Dr.Med.Sc (Respiratory Medicine) | ၃ နှစ် |
| (၈) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဦးနှောက်နှင့်အာရုံကြောဆေးပညာ) | Dr.Med.Sc (Neurology) | ၃ နှစ် |
| (၉) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ) | Dr.Med.Sc (Neurosurgery) | ၃ နှစ် |
| (၁၀) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကျောက်ကပ်ရောဂါပညာ) | Dr.Med.Sc (Nephrology) | ၃ နှစ် |
| (၁၁) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) | Dr.Med.Sc (Urology) | ၃ နှစ် |
| (၁၂) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အစာအိမ်နှင့်အူလမ်းကြောင်းဆေးပညာ) | Dr.Med.Sc (Gastroenterology) | ၃ နှစ် |
| (၁၃) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အသည်းရောဂါပညာ) | Dr.Med.Sc (Hepatology) | ၃ နှစ် |
| (၁၄) | ဆေးလက်တွေ့ပါရဂူဘွဲ့ (သွေးရောဂါပညာ) | Dr.Med.Sc (Clinical Haematology) | ၃ နှစ် |
| (၁၅) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မီးယပ်ဆိုင်ရာကင်ဆာရောဂါပညာ) | Dr.Med.Sc (Gynaecological Oncology) | ၃ နှစ် |
| (၁၆) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မျိုးပွားမှုဆိုင်ရာဆေးပညာ) | Dr. Med.Sc (Reproductive Health) | ၃ နှစ် |
| (၁၇) | ဆေးလက်တွေ့ပါရဂူဘွဲ့(စိတ်ကျန်းမာပညာ) | Dr. Med.Sc (Mental Health) | ၃ နှစ် |
| (၁၈) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဓါတ်မှန်ပညာ) | Dr.Med.Sc (Radiology) | ၃ နှစ် |
| (၁၉) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မျက်စိရောဂါပညာ) | Dr.Med.Sc (Ophthalmology) | ၃ နှစ် |
| (၂၀) | ဆေးလက်တွေ့ပါရဂူဘွဲ့ (နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်ကုပညာ) | Dr.Med.Sc (Otorhinolaryngology, Head and Neck Surgery) | ၃ နှစ် |
| (၂၁) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မေ့ဆေးပညာ) | Dr.Med.Sc (Anaesthesiology) | ၃ နှစ် |
| (၂၂) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဥပဒေရေးရာဆေးပညာ) | Dr.Med.Sc (Medical Jurisprudence) | ၃ နှစ် |

| စဉ် | သင်တန်းအမည် | | သင်တန်းကာလ |
|---|---|---|---|
| (၂၃) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာ) | Dr.Med.Sc (Rehabilitation Medicine) | ၃ နှစ် |
| (၂၄) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဟော်မုန်းရောဂါများအထူးကုပညာ) | Dr.Med.Sc (Endocrinology) | ၃ နှစ် |
| (၂၅) | ဆေးလက်တွေ့ပါရဂူဘွဲ့ (သွေးရောဂါဗေဒ) | Dr.Med.Sc (Haematopathology) | ၃ နှစ် |
| (၂၆) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အသားမျှင်ရောဂါဗေဒ) | Dr.Med.Sc (Histopathology) | ၃ နှစ် |
| (၂၇) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဓါတုရောဂါဗေဒ) | Dr.Med.Sc (Chemical Pathology) | ၃ နှစ် |
| (၂၈) | ဆေးလက်တွေ့ပါရဂူဘွဲ့ (လက်ပိုင်းဆိုင်ရာခွဲစိတ်ကုပညာ ) | Dr.Med.Sc (Hand Surgery) | ၃ နှစ် |
| (၂၉) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကျောရိုးခွဲစိတ်ကုပညာ ) | Dr.Med.Sc (Spine Surgery) | ၃ နှစ် |

၂။ လိုအပ်သောအရည်အချင်း

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) သက်ဆိုင်ရာဘာသာရပ်၌ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဂ) ခွင့်ချက်သတ်မှတ်ထားသောသင်တန်းများမှအပသက်ဆိုင်ရာဘာသာရပ်၌ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိထားသူဖြစ်ရမည်။ ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓါတုဗေဒ၊ ဆေးဝါးဗေဒ၊ ဥပဒေရေးရာဆေးပညာပါရဂူဘွဲ့ သင်တန်းများအတွက် သက်ဆိုင်ရာဘာသာရပ်၌ ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိထားသူများနှင့် မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသောအလားတူဘွဲ့ရရှိထားသူဖြစ်ရမည်၊

(ဃ) ဆေးလက်တွေ့ပါရဂူဘွဲ့(ဟော်မုန်းရောဂါများအထူးကုပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ(ဆေးပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(င) ဆေးလက်တွေ့ပါရဂူဘွဲ့(သွေးရောဂါပညာ)သင်တန်းအတွက်ဆေးပညာမဟာသိပ္ပံ (ဆေးပညာ)ဘွဲ့ (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (ကလေးကျန်းမာပညာ)ဘွဲ့ ရရှိထားသူဖြစ်ရမည်။

(စ) ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောရိုးခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (အရိုးရောဂါပညာ)ဘွဲ့ ရရှိထားသူဖြစ်ရမည်။

(ဆ) ဆေးလက်တွေ့ပါရဂူဘွဲ့ (လက်ပိုင်းဆိုင်ရာခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ)သို့မဟုတ်(အရိုးရောဂါပညာ)ဘွဲ့ ရရှိထားသူဖြစ်ရမည်။

(ဇ) ဆေးလက်တွေ့ပါရဂူဘွဲ့(ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ(ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ(ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုပညာ)ဘွဲ့ ရရှိထားသူဖြစ်ရမည်။

(ဈ) ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) သင်တန်း အတွက် ဆေးပညာမဟာသိပ္ပံ(ခွဲစိတ်ကုပညာ) ဘွဲ့ရရှိပြီးကျောက်ကပ်နှင့်ဆီးလမ်းကြောင်း ရောဂါခွဲစိတ်ကုဌာနတွင် လုပ်ငန်းအတွေ့အကြုံ(၂)နှစ်ရှိသူများ (သို့မဟုတ်) ဆေးပညာ မဟာသိပ္ပံ(ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ည) ဆေးလက်တွေ့ပါရဂူဘွဲ့(သွေးရောဂါဗေဒ)/ (အသားမျှင်ရောဂါဗေဒ)/ (ဓါတုရောဂါဗေဒ) သင်တန်းများအတွက် ဆေးပညာမဟာသိပ္ပံ(ရောဂါဗေဒ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဋ) လျှောက်လွှာပိတ်သည့်ရက်တွင် သက်ဆိုင်ရာဘာသာရပ် မဟာသိပ္ပံဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါအနည်းဆုံးလုပ်သက်(၂)နှစ်ရှိသူနိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(ဌ) ပြည်ပဥ္စမိမိအစီအစဉ်ဖြင့် ဘွဲ့လွန်ရရှိပြီးမှနိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ပြီး ပါရဂူဘွဲ့လွန်သင်တန်း လျှောက်ထားလာပါက ပါရဂူဘွဲ့(ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓါတုဗေဒ၊ အဏုဇီဝဗေဒ၊ ဆေးဝါးဗေဒ၊ စိတ်ကျန်းမာပညာ၊ ဥပဒေရေးရာဆေးပညာ) သင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင် ဝင်ရောက်သည့် နေ့မှစ၍ ခွင့်ရက်မပါစုစုပေါင်း လုပ်သက်(၃)နှစ်ရှိရမည်။ ကျန်ပါရဂူဘွဲ့ သင်တန်းများ အတွက် လုပ်ငန်းစတင်ဝင်ရောက်သည့် နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်း လုပ်သက်(၄)နှစ် ရှိရမည်။

(ဍ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဎ) ပါရဂူဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်း ဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကိုပြည့်စုံမှန်ကန်စွာဖော်ပြပါရှိရမည်။

(က) အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ လက်ရှိရာထူး/ဌာန၊အမြဲတမ်းလိပ်စာနှင့် ဖုန်းနံပါတ်၊ ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းနံပါတ်၊

(ခ) အဘအမည်၊

(ဂ) အစိုးရဝန်ထမ်းအဖြစ်စတင်ထမ်းဆောင်သည့်နေ့ရက်/လ/ခုနှစ်နှင့်အမှုထမ်းသက်၊

(ဃ) အသက်နှင့် မွေးသက္ကရာဇ် (အသက်ထောက်ခံစာတင်ပြရန်)

(င) အထွေထွေဆေးကုသခွင့်လိုင်စင်အမှတ်(          )၊ ရက်စွဲ၊   -     -     ၊

(စ) ပညာအရည်အချင်း၊

(ဆ) တက်ရောက်လိုသည့် သင်တန်းနှင့် ဘာသာရပ်(တိကျစွာဖော်ပြရန်)၊

(ဇ) အမှုထမ်းသက်မှတ်တမ်းအပြည့်အစုံ၊

(ဈ) ပြည်တွင်း/ပြည်ပသင်တန်းတစ်ခုခုသို့ တက်ရောက်ခွင့် လျှောက်ထားခြင်း(သို့မဟုတ်) ဝင်ခွင့်စာမေးပွဲဖြေဆိုထားခြင်းရှိ/မရှိ၊

၄။ လျှောက်လွှာနှင့်အတူအောက်ပါတို့ကိုပူးတွဲပေးပို့ရမည်။

(က) လျှောက်လွှာတွင်ဖော်ပြထားသည့် အချက်အလက်များမှန်ကန်မှုရှိပါကြောင်း ကိုယ်တိုင်လက်မှတ်ရေးထိုးထားသောခံဝန်ချက်၊

(ခ) ဘွဲ့လက်မှတ်မိတ္တူ၊

(ဂ) ဆေးပညာသင်တန်းနှင့် မဟာသိပ္ပံသင်တန်းအမှတ်စာရင်း(Grading Certificate)မိတ္တူများ၊

(ဃ) ဓါတ်ပုံ(၃)ပုံ (လိုင်စင်ဓါတ်ပုံ)

(င) အသက်ထောက်ခံစာ(သို့မဟုတ်)တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊

(စ) ဆေးတက္ကသိုလ်(၂)ရန်ကုန်၏မြန်မာ့စီးပွားရေးဘဏ်၊(မြောက်ဥက္ကလာပဘဏ်ခွဲ)၊ရန်ကုန်တွင် ဖွင့်လှစ်ထားသောငွေစာရင်းအမှတ် MD – ၀၁၀၂၃၃ သို့ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့် စာမေးပွဲကြေးကျပ်–၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ကိုပေးသွင်းထားသည့်ချလံမူရင်း(၁)စောင်

(**မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတဆင့် မြန်မာ့စီးပွားရေးဘဏ်၊ မြောက်ဥက္ကလာပဘဏ်ခွဲ၊ ရန်ကုန်မြို့တွင်ဖွင့်လှစ်ထားသောငွေစာရင်းအမှတ် MD – ၀၁၀၂၃၃ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်းပေးသွင်းနိုင်ပါသည်၊)

၅။ လျှောက်လွှာကိုသက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး(ညွှန်ကြားရေးမှူးချုပ်/ဦးဆောင် ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးမှ နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်း မရှိသည့် လျှောက်လွှာများကိုလုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကိုငွေသွင်းချလံမူရင်းနှင့်တကွ ဆေးတက္ကသိုလ်(၂)ရန်ကုန်ပါမောက္ခချုပ်ထံလိပ်မူ၍ မပျက်မကွက်ပေးပို့ရမည်။

၇။ လျှောက်လွှာများကို ဆေးတက္ကသိုလ်(၂)ရန်ကုန်သို့ (၄.၈.၂၀၂၃)ရက်(သောကြာနေ့) နောက်ဆုံး ထား၍ပေးပို့ရမည်။ မပြည့်စုံသည့် လျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက်ထက် နောက်ကျ ရောက်ရှိလာသော လျှောက်လွှာများကိုလက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို (၃.၁၀.၂၀၂၃)ရက်၊(အင်္ဂါနေ့)မှစ၍ ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ ဘွဲ့လွန်ဌာနစိတ်တွင် ထုတ်ပေးမည်။

၉။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို (၅.၁၀.၂၀၂၃)(ကြာသပတေးနေ့)တွင် ဆေးတက္ကသိုလ်(၂) ရန်ကုန်၌ အောက်ဖော်ပြပါ အစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်။

| စဉ် | သင်တန်း | ဘာသာရပ် | စစ်ဆေးမည့်အချိန် | မှတ်ချက် |
|---|---|---|---|---|
| (၁) | Ph.D | ကျွမ်းကျင် | နေ့လယ်(၁:၀၀)နာရီမှ(၄:၀၀)နာရီထိ | Essay Type |
| (၂) | Dr.Med.Sc | ဘာသာရပ် | (၃)နာရီမေးခွန်းလွှာ | |

**မှတ်ချက်** ။ ။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်း စစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ် ကာလအတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှုအရည်အချင်းစစ် စာမေးပွဲ

(၂)နာရီမေးခွန်းကိုဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ် စာမေးပွဲ အောင်မြင်ကြောင်းတင်ပြနိုင်မှသာဘွဲ့ရအောင်စာရင်းကိုထုတ်ပေးမည်။

၁၀။ လူတွေ့နှုတ်ဖြေစစ်ဆေးမည့်ရက်ကိုလူတွေ့နှုတ်ဖြေဖြေဆိုခွင့်ရရှိသူစာရင်းထုတ်ပြန် ကြေညာသည့်အခါတွင်ဖော်ပြပါမည်။

၁၁။ သင်တန်းတက်ရောက်ခွင့် ရရှိသူများသည် ဘွဲ့လွန်သင်တန်းစည်းမျဉ်းစည်းကမ်းများကိုလိုက်နာမည်ဖြစ်ကြောင်းနှင့်ဘွဲ့လွန်သင်တန်းအောင်မြင်ပြီးနောက်နိုင်ငံ့ဝန်ထမ်းအဖြစ်မိမိတာဝန်ကျရာမည်သည့်ဒေသတွင်မဆိုဆက်လက်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်းကတိခံဝန်ချုပ်ချုပ်ဆိုရမည်။

၁၂။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ်(၂)နှစ်ပြည်တွင်း/ပြည်ပဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၃။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကိုမတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ/မပြုသည်ဖြစ်စေ)၊ သင်တန်းကို ပြီးဆုံးအောင်မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့် ကာလအတိုင်းနိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၁၄။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ဖုန်းနံပါတ်- (၉၆၉၉၅၈၉/၉၆၉၉၈၅၂/၉၆၉၀၁၂၇/၉၆၉၀၁၂၈/လိုင်းခွဲ-၂၀၃/၂၁၉)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) ဆေးတက္ကသိုလ်(၂)ရန်ကုန်၏Website: https://www.um2ygn.edu.mmတွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

21/6/23

ပါမောက္ခဒေါက်တာအေးအေးခင်
ပါမောက္ခချုပ်
ဆေးတက္ကသိုလ် (၂)ရန်ကုန်

စာအမှတ်၊ ၆၀၉၀/၂၉-၀၈/ဘွဲ့လွန်။
ရက်စွဲ။ ၂၀၂၃ခုနှစ်၊ ဇွန် လ( ၂၂ )ရက်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ဆေးတက္ကသိုလ်(၂)ရန်ကုန်

ရက်စွဲ။ ၂၀၂၃ခုနှစ်၊ ဧပြီ လ၊( ၂၂ )ရက်

## ၂၀၂၄ – ပညာသင်နှစ်
## ဆေးပညာဒီပလိုမာနှင့်ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၄–ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၂)ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့်အောက်ဖော်ပြပါ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်းကြေညာအပ်ပါသည်–

### ဆေးပညာဒီပလိုမာသင်တန်း

| စဉ် | သင်တန်းအမည် | | သင်တန်းကာလ |
|---|---|---|---|
| (၁) | ဆေးလက်တွေ့ဆိုင်ရာ ဆေးဝါးဗေဒဒီပလိုမာ | Dip.Med.Sc (Clinical Pharmacology) | ၁နှစ် |

### ဆေးပညာမဟာသိပ္ပံသင်တန်းများ

| စဉ် | သင်တန်းအမည် | | သင်တန်းကာလ |
|---|---|---|---|
| (၁) | ဆေးပညာမဟာသိပ္ပံ (ခန္ဓာဗေဒ) | M.Med.Sc (Anatomy) | ၂ နှစ် |
| (၂) | ဆေးပညာမဟာသိပ္ပံ (ဇီဝကမ္မဗေဒ) | M.Med.Sc (Physiology) | ၂ နှစ် |
| (၃) | ဆေးပညာမဟာသိပ္ပံ (ဇီဝဓါတုဗေဒ) | M.Med.Sc (Biochemistry) | ၂ နှစ် |
| (၄) | ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ) | M.Med.Sc (Pharmacology) | ၂ နှစ် |
| (၅) | ဆေးပညာမဟာသိပ္ပံ (ကာကွယ်ရေးနှင့်အပူပိုင်းဆေးပညာ) | M.Med.Sc (Preventive and Tropical Medicine) | ၂ နှစ် |
| (၆) | ဆေးပညာမဟာသိပ္ပံ (အဏုဇီဝဗေဒ) | M.Med.Sc (Microbiology) | ၃နှစ် |
| (၇) | ဆေးပညာမဟာသိပ္ပံ (ရောဂါဗေဒ) | M.Med.Sc (Pathology) | ၃ နှစ် |
| (၈) | ဆေးပညာမဟာသိပ္ပံ (ဥပဒေရေးရာဆေးပညာ) | M.Med.Sc (Medical Jurisprudence) | ၃ နှစ် |
| (၉) | ဆေးပညာမဟာသိပ္ပံ (နား၊နှာခေါင်း၊လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ကုပညာ) | M.Med.Sc (Otorhinolaryngology, Head and Neck Surgery) | ၃ နှစ် |
| (၁၀) | ဆေးပညာမဟာသိပ္ပံ (မေ့ဆေးပညာ) | M.Med.Sc (Anaesthesiology) | ၃ နှစ် |

| စဉ် | သင်တန်းအမည် | | သင်တန်းကာလ |
|---|---|---|---|
| (၁၁) | ဆေးပညာမဟာသိပ္ပံ (ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာ) | M.Med.Sc (Rehabilitation Medicine) | ၃ နှစ် |
| (၁၂) | ဆေးပညာမဟာသိပ္ပံ(အရေပြားရောဂါပညာ) | M.Med.Sc (Dermatology) | ၃ နှစ် |
| (၁၃) | ဆေးပညာမဟာသိပ္ပံ (မျက်စိရောဂါပညာ) | M.Med.Sc (Ophthalmology) | ၃ နှစ် |
| (၁၄) | ဆေးပညာမဟာသိပ္ပံ(စိတ်ကျန်းမာပညာ) | M.Med.Sc (Mental Health) | ၃ နှစ် |
| (၁၅) | ဆေးပညာမဟာသိပ္ပံ (အရေးပေါ်ကုသမှုဆေးပညာ) | M.Med.Sc (Emergency Medicine) | ၃ နှစ် |
| (၁၆) | ဆေးပညာမဟာသိပ္ပံ (ဆေးပညာ) | M.Med.Sc (Internal Medicine) | ၃ နှစ် |
| (၁၇) | ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) | M.Med.Sc (Surgery) | ၃ နှစ် |
| (၁၈) | ဆေးပညာမဟာသိပ္ပံ (သားဖွားမီးယပ်ပညာ) | M.Med.Sc (Obstetrics and Gynaecology) | ၃ နှစ် |
| (၁၉) | ဆေးပညာမဟာသိပ္ပံ (ကလေးကျန်းမာပညာ) | M.Med.Sc (Paediatrics) | ၃ နှစ် |
| (၂၀) | ဆေးပညာမဟာသိပ္ပံ (ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုပညာ) | M.Med.Sc (Neurosurgery) | ၃ နှစ် |
| (၂၁) | ဆေးပညာမဟာသိပ္ပံ (ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) | M.Med.Sc (Urology) | ၃နှစ် |
| (၂၂) | ဆေးပညာမဟာသိပ္ပံ (အရိုးရောဂါပညာ) | M.Med.Sc (Orthopaedics) | ၄ နှစ် |
| (၂၃) | ဆေးပညာမဟာသိပ္ပံ (နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ) | M.Med.Sc (Cardiovascular Surgery) | ၄ နှစ် |
| (၂၄) | ဆေးပညာမဟာသိပ္ပံ (ဓါတ်မှန်ပညာ) | M.Med.Sc (Radiology) | ၄ နှစ် |

လိုအပ်သောအရည်အချင်း

၂။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ဆေးပညာဒီပလိုမာနှင့်ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် M.B.,B.Sဘွဲ့(သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသောအလားတူဘွဲ့ရရှိပြီးသူဖြစ်ရမည်၊

(ဂ) ဒီပလိုမာသင်တန်းများအတွက်လျှောက်လွှာပိတ်သည့်ရက်တွင်လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၁)နှစ်ရှိသူနိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(ဃ) ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၁)နှစ်ရှိသူ နိုင်ငံဝန်ထမ်းဖြစ်ရမည်။

(မှတ်ချက်။ **ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓါတုဗေဒ၊ အဏုဇီဝဗေဒ၊ ရောဂါဗေဒ၊ ဆေးဝါးဗေဒ၊ စိတ်ကျန်းမာပညာ၊ ဥပဒေရေးရာဆေးပညာနှင့်မေ့ဆေးပညာမဟာသိပ္ပံသင်တန်း** များအတွက်လုပ်သက်သတ်မှတ်ချက်မရှိလျှောက်ထားနိုင်ပါသည်။)

(င) လျှောက်လွှာပိတ်သည့်ရက်တွင် ဒီပလိုမာသင်တန်းများအတွက် အသက်(၅၀)နှစ်ထက် မကျော်လွန်သူ၊ မဟာသိပ္ပံသင်တန်းများအတွက် အသက်(၄၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(စ) ဆေးလက်တွေ့ဆိုင်ရာဆေးဝါးဗေဒ ဒီပလိုမာသင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ) ဘွဲ့ရရှိထားသူ ဖြစ်ရမည်။

(ဆ) ဒီပလိုမာဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၂)နှစ်နှင့် ဆေးပညာမဟာသိပ္ပံဘွဲ့ ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဇ) သတ်မှတ်ထားသောသင်တန်းကာလကိုအချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကိုပြည့်စုံမှန်ကန်စွာဖော်ပြပါရှိရမည်။

(က) အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ လက်ရှိရာထူး/ဌာန၊ အမြဲတမ်းလိပ်စာနှင့် ဖုန်းနံပါတ်၊ ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းနံပါတ်၊

(ခ) အဘအမည်၊

(ဂ) အစိုးရဝန်ထမ်းအဖြစ်စတင်ထမ်းဆောင်သည့်နေ့ရက်/လ/ခုနှစ်နှင့်အမှုထမ်းသက်၊

(ဃ) အသက်နှင့် မွေးသက္ကရာဇ် (အသက်ထောက်ခံစာတင်ပြရန်)

(င) အထွေထွေဆေးကုသခွင့်လိုင်စင်အမှတ်(  )၊ ရက်စွဲ၊ - - ၊

(စ) ပညာအရည်အချင်း၊

(ဆ) တက်ရောက်လိုသည့် သင်တန်းနှင့် ဘာသာရပ်(တိကျစွာဖော်ပြရန်)၊

(ဇ) အမှုထမ်းသက်မှတ်တမ်းအပြည့်အစုံ၊
(ခက်ခဲဒေသတွင်တာဝန်ထမ်းဆောင်ခဲ့ပါက ဌာနဆိုင်ရာထောက်ခံစာနှင့်အတူ တွဲပါတည်း တင်ပြရမည်။)

(ဈ) ယခင်ပြည်တွင်းဘွဲ့လွန်သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရဖူးခြင်းရှိ/မရှိဖော်ပြရန်၊

(ည) ပြည်တွင်းဘွဲ့လွန်သင်တန်းတစ်ခုခုတက်ရောက်ခဲ့ဖူးပါကတက်ရောက်ခဲ့သည့် ရက်၊လ၊ခုနှစ် သင်တန်း၊ ဘာသာရပ်နှင့် ဘွဲ့ရရှိခြင်းရှိ/မရှိဖော်ပြရန်၊

(ဋ) ပြည်တွင်း/ပြည်ပသင်တန်းတစ်ခုခုသို့ တက်ရောက်ခွင့် လျှောက်ထားခြင်း(သို့မဟုတ်) ဝင်ခွင့်စာမေးပွဲဖြေဆိုထားခြင်းရှိ/မရှိဖော်ပြရန်၊

၄။ လျှောက်လွှာနှင့်အတူအောက်ပါတို့ကိုပူးတွဲပေးပို့ရမည်။

(က) လျှောက်လွှာတင်ဖော်ပြထားသည့် အချက်အလက်များမှန်ကန်မှုရှိပါကြောင်း ကိုယ်တိုင်လက်မှတ်ရေးထိုးထားသောခံဝန်ချက်၊

(ခ) ဘွဲ့လက်မှတ်မိတ္တူ။

(ဂ) ဆေးပညာသင်တန်းအမှတ်စာရင်း(Grading Certificate) မိတ္တူ။
ဆေးလက်တွေ့ဆိုင်ရာဆေးဝါးဗေဒဒီပလိုမာသင်တန်းအတွက်ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ) ဘွဲ့ရအမှတ်စာရင်း(Grading Certificate)မိတ္တူ။

(ဃ) ဓါတ်ပုံ(၃)ပုံ (လိုင်စင်ဓါတ်ပုံ)

(င) အသက်ထောက်ခံစာ(သို့မဟုတ်)တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ။

(စ) ဆေးတက္ကသိုလ်(၂)ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ (မြောက်ဥက္ကလာပဘဏ်ခွဲ)၊ ရန်ကုန်တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD – ၀၁၀၂၃၃ သို့ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်စာမေးပွဲကြေးကျပ်-၁၀၀၀/-(ကျပ်တစ်ထောင်တိတိ)ကို ပေးသွင်းထားသည့်ချလံမူရင်း (၁)စောင်၊

(**မှတ်ချက်**။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ မြောက်ဥက္ကလာပဘဏ်ခွဲ၊ ရန်ကုန်မြို့တွင်ဖွင့်လှစ်ထားသောငွေစာရင်းအမှတ် MD – ၀၁၀၂၃၃ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်းပေးသွင်းနိုင်ပါသည်၊)

၅။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှု အရည်အချင်းစစ် စာမေးပွဲ(၂)နာရီမေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကိုထုတ်ပေးမည်။

၆။ လျှောက်လွှာကို သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကိုလုံးဝစဉ်းစားခြင်းမပြုပါ။

၇။ ကြိုတင်မိတ္တူတစ်စောင်ကိုငွေသွင်းချလံမူရင်းနှင့်တကွ ဆေးတက္ကသိုလ်(၂)ရန်ကုန်ပါမောက္ခချုပ်ထံသို့ လိပ်မူ၍မပျက်မကွက်ပေးပို့ရမည်။

၈။ လျှောက်လွှာများကို ဆေးတက္ကသိုလ်(၂)ရန်ကုန်သို့ (၄-၈-၂၀၂၃)ရက် (သောကြာနေ့) နောက်ဆုံးထား၍ ပေးပို့ရမည်။ မပြည့်စုံသည့် လျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကိုလက်ခံစဉ်းစားမည်မဟုတ်ပါ။

၉။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို (၃-၁၀-၂၀၂၃)ရက်၊(အင်္ဂါနေ့)မှစ၍ ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ ဘွဲ့လွန်ဌာနစိတ်တွင် ထုတ်ပေးမည်။

၁၀။ သင်တန်းဝင်ခွင့် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို (၆-၁၀-၂၀၂၃) (သောကြာနေ့)တွင် ဆေးတက္ကသိုလ် (၂)ရန်ကုန်၌ အောက်ဖော်ပြပါ အစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်။

| စဉ် | သင်တန်း | ဘာသာရပ် | စစ်ဆေးမည့်အချိန် | မေးခွန်းပုံစံ |
|---|---|---|---|---|
| (က) | ဆေးလက်တွေ့ဆိုင်ရာ ဆေးဝါးဗေဒဒီပလိုမာ | ကျွမ်းကျင်ဘာသာရပ် | နေ့လယ်(၁:၀၀)နာရီမှ(၃:၀၀)နာရီထိ (၂)နာရီမေးခွန်းလွှာ | MSQ |
| (ခ) | ဆေးပညာမဟာသိပ္ပံ | ကျွမ်းကျင်ဘာသာရပ် | (၂)နာရီမေးခွန်းလွှာ | MCQ |
| (ဂ) | ဆေးပညာမဟာသိပ္ပံ (ကာကွယ်ရေးနှင့် အပူပိုင်းဆေးပညာ) | ကျွမ်းကျင်ဘာသာရပ် | (၂)နာရီမေးခွန်းလွှာ | MSQ |

၁၁။ လူတွေ့နှုတ်ဖြေစစ်ဆေးမည့်ရက်ကို လူတွေ့နှုတ်ဖြေ ဖြေဆိုခွင့်ရရှိသူစာရင်းထုတ်ပြန် ကြေညာသည့် အခါတွင်ဖော်ပြပါမည်။

၁၂။ သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် ဘွဲ့လွန်သင်တန်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာမည် ဖြစ်ကြောင်းနှင့် ဘွဲ့လွန်သင်တန်းအောင်မြင်ပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် မိမိတာဝန်ကျရာ မည်သည့်ဒေသတွင်မဆိုဆက်လက်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်းကတိခံဝန်ချုပ်ချုပ်ဆိုရမည်။

၁၃။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာ သင်နှစ် (၂)နှစ်ပြည်တွင်း/ပြည်ပဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၄။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ / မပြုသည်ဖြစ်စေ) သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့် ကာလအတိုင်း နိုင်ငံ့တာဝန်ကိုမထမ်းဆောင်လျှင်ဖြစ်စေ၊ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၁၅။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၂)ရန်ကုန် ဖုန်းနံပါတ်- (၉၆၉၉၅၈၉/ ၉၆၉၉၈၅၅/ ၉၆၉၀၁၂၇/ ၉၆၉၀၁၂၈/ လိုင်းခွဲ -၂၀၃/၂၁၉)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) ဆေးတက္ကသိုလ်(၂)ရန်ကုန်၏ Website: https://www.um2ygn.edu.mmတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ပါမောက္ခဒေါက်တာအေးအေးခင်
ပါမောက္ခချုပ်
ဆေးတက္ကသိုလ် (၂) ရန်ကုန်

စာအမှတ်၊ ၆၀၉၀/၂၉-၀၈/ဘွဲ့လွန်။
ရက်စွဲ။ ၂၀၂၃ခုနှစ်၊ ဇွန် လ( ၂၂ )ရက်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၂)ရန်ကုန်

ရက်စွဲ။ ၂၀၂၃ခုနှစ်၊ ဇွန် လ၊( ၂၂ )ရက်

## ၂၀၂၄- ပညာသင်နှစ်
## ပြင်ပဆရာဝန်များအတွက် ဘွဲ့လွန်ဒီပလိုမာသင်တန်းလျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၄-ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၂)ရန်ကုန်၌ ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ ပြင်ပဆရာဝန်များလျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဆေးပညာဒီပလိုမာသင်တန်း

| စဉ် | သင်တန်းအမည် | | သင်တန်းကာလ |
|---|---|---|---|
| (၁) | မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာဒီပလိုမာ | Dip.Med.Sc (Family Medicine) | ၁နှစ် |

၂။ လိုအပ်သောအရည်အချင်း

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရပါမည်။

(ခ) မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာဒီပလိုမာ သင်တန်းအတွက် လက်ရှိတရားဝင်အထွေထွေဆေးကုသခွင့်လိုင်စင် သက်တမ်း(၂)နှစ်ပြည့်ပြီး အထွေထွေဆေးကုသခွင့်လိုင်စင်သက်တမ်းတိုး ကိုင်ဆောင်ထားသူ M.B.,B.S (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှအသိအမှတ်ပြုထားသောအလားတူဘွဲ့ ရရှိထားသူ ဖြစ်ရမည်။

(ဂ) အသက် သတ်မှတ်ချက် မရှိပါ။

(ဃ) သတ်မှတ်ထားသောသင်တန်းကြေးများ ပေးသွင်းရမည်။

(င) သတ်မှတ်ထားသော သင်တန်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံမှန်ကန်စွာ ဖော်ပြပါရှိရမည်။

(က) အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ အမြဲတမ်းလိပ်စာနှင့် ဖုန်းနံပါတ်၊ ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းနံပါတ်၊

(ခ) အဘအမည်၊

(ဂ) အသက်နှင့် မွေးသက္ကရာဇ်

(ဃ) အထွေထွေဆေးကုသခွင့်လိုင်စင်အမှတ်( )၊ ရက်စွဲ၊ - - ၊

(င) ပညာအရည်အချင်း၊

(စ) တက်ရောက်လိုသည့် သင်တန်း

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်။

(က) လျှောက်လွှာတွင်ဖော်ပြထားသည့် အချက်အလက်များ မှန်ကန်မှုရှိပါကြောင်း ကိုယ်တိုင်လက်မှတ်ရေးထိုးထားသောခံဝန်ချက်၊

(ခ) ဘွဲ့လက်မှတ်မိတ္တူ၊

(ဂ) ဆေးပညာသင်တန်း အမှတ်စာရင်း(Grading Certificate)မိတ္တူ၊

(ဃ) ဓါတ်ပုံ(၃)ပုံ (လိုင်စင်ဓါတ်ပုံ)

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်းသက်ဆိုင်ရာမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးထောက်ခံချက်နှင့် မြို့နယ်ပြည်သူ့ ရဲတပ်ဖွဲ့မှူးရုံးမှ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်များ၊

(စ) တရားဝင်(အထွေထွေဆေးကုသခွင့်လိုင်စင်)မိတ္တူ၊

(ဆ) ဆေးတက္ကသိုလ်(၂)ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ (မြောက်ဥက္ကလာပဘဏ်ခွဲ)၊ ရန်ကုန်တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD – ၀၁၀၂၃၃ သို့ ဘွဲ့လွန်ဆေးပညာ သင်တန်းဝင်ခွင့်စာမေးပွဲကြေးကျပ်-၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ကို ပေးသွင်းထား သည့် ချလံမူရင်း(၁)စောင်၊

**(မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ မြောက်ဥက္ကလာပဘဏ်ခွဲ၊ ရန်ကုန်မြို့တွင်ဖွင့်လှစ်ထားသောငွေစာရင်းအမှတ် MD –၀၁၀၂၃၃ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်၊)

၅။ လျှောက်လွှာများကို ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်ထံသို့ လိပ်မူ၍ (၄-၈-၂၀၂၃)ရက်၊ (သောကြာနေ့)နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၆။ မပြည့်စုံသည့် လျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို (၃-၁၀-၂၀၂၃)ရက်၊ (အင်္ဂါနေ့)မှစ၍ ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ ဘွဲ့လွန်ဌာနစိတ်တွင် ထုတ်ပေးမည်။

၈။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို (၆-၁၀-၂၀၂၃) (သောကြာနေ့)တွင် ဆေးတက္ကသိုလ် (၂)ရန်ကုန်၌ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်။

| စဉ် | သင်တန်း | ဘာသာရပ် | စစ်ဆေးမည့်အချိန် | မေးခွန်းပုံစံ |
|---|---|---|---|---|
| ၁။ | မိသားစုကျန်းမာရေး စောင့်ရှောက်မှု ဆေးပညာဒီပလိုမာ | ကျွမ်းကျင်ဘာသာရပ် | နေ့လယ်(၁:၀၀)နာရီမှ(၃:၀၀)နာရီထိ (၂)နာရီမေးခွန်းလွှာ | MCQ |

၉။ လူတွေ့၊ နှုတ်ဖြေ စစ်ဆေးမည့်ရက်ကို လူတွေ့နှုတ်ဖြေ ဖြေဆိုခွင့်ရရှိသူ စာရင်းထုတ်ပြန် ကြေညာ သည့်အခါတွင် ဖော်ပြပါမည်။

၁၀။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၂)ရန်ကုန် ဖုန်းနံပါတ်- (၉၆၉၉၅၈၉/ ၉၆၉၉၈၅၂/ ၉၆၉၀၁၂၇/ ၉၆၉၀၁၂၈/ လိုင်းခွဲ -၂၀၃/၂၁၉)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) ဆေးတက္ကသိုလ်(၂)ရန်ကုန်၏ Website: https://www.um2ygn.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ပါမောက္ခဒေါက်တာအေးအေးခင်
ပါမောက္ခချုပ်
ဆေးတက္ကသိုလ်(၂)ရန်ကုန်

စာအမှတ်၊ ၆၀၉၈/၂၉-၀၈/ဘွဲ့လွန်။
ရက်စွဲ။ ၂၀၂၃ခုနှစ်၊ ဇွန် လ( ၂၂ )ရက်။